# ကျွန်မတို့ မိန်းမတွေ

## ဂျူး

ကျွန်မမှာ အမျိုးသမီးတွေနှင့်ပတ်သက်၍ ပြောချင်တာ၊ ဆွေးနွေးချင်တာတွေ များလှသည်ဟု ကျွန်မ ခံစားနေရသည်မှာ ကြာပါပြီ။ ဝတ္ထုတွေ၊ ဆောင်းပါးတွေ ရေးရင်း အနည်းအကျဉ်း ပါသွားသည်များလည်း ရှိသည်။ ယခုလို ကဏ္ဍတခုအနေနှင့် ရေးဖြစ်ဖို့လည်း စိတ်ကူးနေမိသည်။

**ကျွန်မတို့ မိန်းမတွေ** ဟူသော ခေါင်းစဉ်ဖြင့် လွန်ခဲ့သော နှစ်နှစ် ၁၉၉၆ ခုနှစ်တုန်းက ဂျပ်ဆင်ခန်းမတွင် ခရစ်ယာန်သာသနာအဖွဲ့မှ ဦးဆောင်ပြုလုပ်သော အမျိုးသမီး ခေါင်းဆောင်သင်တန်းအတွက် ဟောပြောပွဲအဖြစ် ကျွန်မ ဆွေးနွေးခဲ့ဖူးပါသည်။ ဆွေးနွေးပွဲမှ အကြောင်းအရာအချို့ကို **ကျွန်မတို့ မိန်းမတွေ** ဟူသော ခေါင်းစဉ်ဖြင့်ပင် ရတနာသစ် မဂ္ဂဇင်းမှာ ဆောင်းပါးရေးခဲ့၏။ မဂ္ဂဇင်းမှာပြီး ရေးခဲ့မိသည်ဟု ဆရာသီဟအောင်နှင့် ရယ်စကားပြောရင်း ကိုယ့်ဟာကိုယ် မှတ်ချက်ချခဲ့ရသည်။

ဆရာသီဟာအောင် ကျွန်မထံမှ လိုချင်သည်က ဘောလုံးဆောင်းပါး . . . တဲ့။

ကျွန်မကလည်း ဘောလုံးနှင့်ပတ်သက်လျှင် ဘာမှသိသူမဟုတ်။ ဘောလုံးကစားပွဲဆိုသည်မှာ လိမ့်နေသော ဘောလုံးတလုံးကို အဖွဲ့နှစ်ဖွဲ့က အကြိတ်အနယ် လိုက်လုနေကြခြင်း ဖြစ်သည်ဟူသော အခြေခံလူပြိန်းအမြင်ထက် မပိုခဲ့ပေ။ ဒါကြောင့်လည်း ကျွန်မ စိတ်ဝင်စားသည့် အမျိုးသမီးဆောင်းပါးသာ ပေးဖြစ်ခဲ့ခြင်း ဖြစ်သည်။

ဆရာသီဟအောင်အား ဆောင်းပါးတပုဒ် ရေးရန်ရှိတော့ရှိသည် . . . ပေးပါမည်ဟု ကတိပေးပြီး သုံးလေးရက်အကြာမှာ သင့်ဘဝအောင်မြင်ရေး မဂ္ဂဇင်းစာတည်း ကိုသစ်ဆင်းနှင့် စကားပြောဖြစ်ရင်း ကျွန်မ၏

ဟောပြောပွဲနှင့်ပတ်သက်၍ စကားစပ်မိသွားသေး၏။ ကိုသစ်ဆင်းက အဲဒါလေးကို ဆောင်းပါးအဖြစ်ရေးပြီး ကျွန်တော်တို့ မဂ္ဂဇင်းကို မပေးချင်ဘူးလား ဟု မေးတော့ နောက်ကျသွားပြီ ဟု ကျွန်မ ရယ်မောခဲ့ရတော့သည်။

အမျိုးသမီးနှင့်ပတ်သက်၍ ကျွန်မ ပြောချင်တာတွေရှိလာတိုင်း **ကျွန်မတို့ မိန်းမတွေ** ဟူသော ခေါင်းစဉ်ကဏ္ဍအောက်မှာ ဆောင်းပါးများ ရေးသွားမည်ဟု စိတ်ကူးခဲ့သည်။ ကျွန်မ ဆောင်းပါးရေးပြီး၍ ဆရာသီဟအောင်ထံ ပို့ရာတွင် ကျွန်မ ဒုတိယအကြိမ် မှားသွားပြန်သည်။ ဆောင်းပါးစာမူ ဟု သီးသန့်ဖော်ပြ မပေးလိုက်မိခြင်း ဖြစ်သည်။ ထိုအခါ ဝတ္ထုရေးနေကျ ဂျူးထံမှရသော စာမူသည် အလိုအလျောက် ဝတ္ထုစာရင်းထဲ ဝင်သွားပြီ ဖြစ်သောကြောင့် မဂ္ဂဇင်းထွက်သည့်အခါ ဝတ္ထုတို ကဏ္ဍမှာ ပါလာသည်။ စာဖတ် ပရိတ်သတ်ကိုရော၊ စာတည်းချုပ်ကိုရော တောင်းပန်သည့် စာကလေးတော့ ရေးရဦးမည်ဟု စိတ်ကူးခဲ့သော်လည်း လက်တွေ့ အကောင်အထည် မဖော်ခဲ့မိပါ။

ယခုတော့ **ကျွန်မတို့ မိန်းမတွေ** သည် လူမှုရေး မဂ္ဂဇင်းတခုဖြစ်သော သင့်ဘဝအောင်မြင်ရေး မဂ္ဂဇင်းနှင့် အသင့်တော်ဆုံးဟု ခံစားရသဖြင့် ကဏ္ဍတခုအနေဖြင့် အလျဉ်းသင့်သလို ရေးသွားရန် စိတ်ကူးပါသည်။ ရတနာသစ်တွင် ဖော်ပြခဲ့သော စာမူအား ဤကဏ္ဍ၏ နိဒါန်းအဖြစ် စတင်လိုက်ပါသည်။

တခါတုန်းကပေါ့။ ည ကိုးနာရီခွဲလောက် ဖြစ်မယ်။ ကျွန်မ မြို့ထဲကနေ အိမ်ပြန်နောက်ကျတတ်တဲ့ ညတွေထဲက တညပေါ့ပဲ။ ဘတ်စ်ကားမှတ်တိုင်ကနေ အိမ်ကို လမ်းလျှောက်လာခဲ့တာ လမ်းထောင်တနေရာရောက်တော့ ပလက်ဖောင်းပေါ်မှာ လူနှစ်ယောက် သုံးယောက်ထိုင်နေတာကို ခပ်မှောင်မှောင် အရိပ်အဖြစ် ဖြတ်ခနဲ မြင်လိုက်တယ်။ စိတ်ထဲမှာတော့ လမ်းထောင့် ပလက်ဖောင်းခုံပေါ်မျာ ဂစ်တာတီးနေကျ လူငယ်လေးတွေလို့ ထင်လိုက်ပါတယ်။ ကျွန်မနေတဲ့ တိုက်ခန်းက လမ်းထိပ်၊ လမ်းထောင့်ဆိုတော့ ဂစ်တာတီးတဲ့ အုပ်စုရှေ့ကနေ ခဏခဏ ဖြတ်လျှောက်သွားရဖူးပါရဲ့။ ဝရန်တာဘက်ကို အကြောင်းတခုခုကြောင့် ထွက်မိရင်လည်း ဂစ်တာသံနဲ့ သီချင်းဆိုသံကို

ကြားရဖူးပါရဲ့။ သူတို့ဟာ သူတို့ ဂစ်တာ တီးနေကြတာပါပဲ။ လမ်းသွားတဲ့ သူတွေကို ဘာမှ အနှောက်အယှက် ပေးတာမဟုတ်ဘူး။

ဒါပေမယ့် အဲဒီညကတော့ ကျွန်မ စောစောကပြောတဲ့ လူရိပ်တစုဘေးကိုလည်း ရောက်လာရော အမျိုးသမီးသံနဲ့ ဘယ် – ညာ ဘယ် – ညာ ဆိုပြီး ကျွန်မ ခြေလှမ်းတွေကို လှောင်ပြောင်စနောက်သံ ကြားလိုက်ရတော့ တာပါပဲ။ အဲဒီ မိန်းမသံတွေကို ကြားလိုက်တော့ အမှန်အတိုင်း ပြောရရင် ရုတ်တရက် နားမလည်လိုက်ပါဘူး။ ဘာကြောင့် သူတို့ ကျွန်မကို နောက်ပြောင်တာလဲ။ ယောကျာ်းလေးတယောက် လမ်းလျှောက်တာကို ခပ်လှောင်လှောင် မိန်းကလေးအုပ်စုက စနောက်တယ် ဆိုတာကမှ ဖြစ်နိုင်ခြေ ရှိသေးတယ်။ ဒါတောင် အဲဒီကိစ္စဟာ ကျွန်မ ဘယ်လိုမှ မုဒိတာမပွားနိုင်တဲ့ ကိစ္စပါ။ အခုလို မိန်းမတယောက် လမ်းလျှောက်တာကို မိန်းမတွေက စ နောက်တဲ့အဖြစ်ကို ဘယ်လိုမှ နားမလည်နိုင်ဘူး။ သူတို့ဆီကို လှည့်ကြည့် အကဲခတ်လိုက်တော့ အမျိုးသမီးချည်းပဲ သုံးယောက်ဖြစ်နေတယ်။ ခပ်ငယ်ငယ် ကလေးတွေပါ။ နှစ်ဆယ်ကျော် ဝန်းကျင်ကလေးတွေ။ ပျော်တတ်လို့ပဲ စ လေသလား၊ ကျွန်မကိုပဲ ကြည့်မရလို့ စ လေသလား။ ကျွန်မကို ကြည့်မရအောင်ကလည်း ကိုယ်က သူတို့ကို သိတာမဟုတ်။ လမ်းထဲက မိကောင်း ဖခင် သမီးကလေးတွေလား။ သူတို့ ဘာလို့ အဲဒီလို စ ချင် နောက်ချင်ကြပါလိမ့်။

ကျွန်မ စဉ်းစားကြည့်တယ်လေ။ ယောကျာ်းလေးတယောက် လမ်းလျှောက်သွားတာကို ယောကျာ်းလေးအုပ်စုက အဲဒီလို စ နောက်ဖူးသလား။ ကျွန်မ မြင်ဖူး ကြုံဖူးသလားပေါ့။ တခါမှ မမြင်ဖူးပါဘူး။ ယောကျာ်းလေးတွေက မိန်းကလေးကို စ နောက်တာ၊ လိုက်နှောင့်ယှက်တာတော့ မြင်လည်း မြင်ဖူးတယ်၊ ကြုံလည်း ကြုံရဖူးတယ်။ မိန်းကလေး ဖြတ်လျှောက်သွားတာကို ဘာစကားနဲ့မှ မပြောင်မနောက်ဘဲ မျက်နှာအရိပ်အကဲနဲ့တောင် မပြောင်လှောင်ဘဲ ကိုယ်စကားနဲ့ ကိုယ် ကိုယ့်ဂစ်တာနဲ့ ကိုယ် သီးသီးသန့်သန့် နေတတ်တဲ့ ယောကျာ်းလေးအုပ်စုတွေကိုလည်း ကျွန်မ အများကြီး ကြုံဖူးပါတယ်။ နောက်ပြောင်ခြင်းနဲ့ နှောင့်ယှက်တတ်တဲ့ ယောကျာ်လေးတွေကိုတောင် ကျွန်မက အုပ်စုနှစ်စု ခွဲခြားသတ်မှတ်ထားတဲ့တာ။ ချစ်စရာကောင်းတဲ့ ပျော်တတ်တဲ့ ယောကျာ်းလေးတွေရဲ့ စ နောက်တဲ့စကားဟာ မမိုက်ရိုင်း၊

မယုတ်ညံ့ပါဘူး။ ဥပမာ မိန်းကလေးနှစ်ယောက် လမ်းလျှောက်လာတာကို ကြည့်ပြီး 'အလယ်က အစ်မကြီးက ချောတယ်ဗျာ' လို့ စ နောက်တာမျိုး၊ ခပ်ဝဝ မိန်းကလေးတယောက်ကို 'ထမင်း လျှော့စားနော်၊ အမေက ပိန်မှ ကြိုက်မှာ' လို့ စ နောက်တာမျိုး။ 'ချစ်စရာလေးနော်' လို့ စ နောက်တာမျိုး။ အဲဒီလို စ နောက်တာတွေဟာ သိပ်စိတ်ဆိုးစရာမလိုပဲ ခွင့်လွှတ်လို့ ရနိုင်တဲ့ အဖြစ်မျိုးပါ။ ဒါပေမယ့် တချို့ကျတော့ ညစ်ညစ်ညမ်းညမ်း စနောက်ကြတယ်။ ညစ်ညမ်းတဲ့ လက်ဟန်လုပ်ပြတာ၊ ညစ်ညမ်းတဲ့ စကားတွေကို မြိန်ရေယှက်ရေ ပြောထွက်တာ သိပ်အံ့သြစရာကောင်း၊ သိပ်စက်ဆုပ်စရာကောင်းတဲ့ အမျိုးအစားအဖြစ် ကျွန်မတို့ သတ်မှတ်ရလိမ့်မယ်။

ဘာပဲဖြစ်ဖြစ် ယောကျ်ားကလေးတွေရဲ့ စ နောက် လှောင်ပြောင်ခြင်းဆိုတဲ့ အလုပ်ကို အခုလို မိန်းကလေးတွေက ပြုမူလိုက်တော့ ရုတ်တရက် ကျွန်မ ဖြုံသွားတာတော့ အမှန်ပဲ။ ယောကျ်ာလေးတယောက် ပုံမှန်မဟုတ်ဘဲ၊ ကန့်ကလျ၊ မိန်းမလို မိန်းမရ ဖြစ်နေရင် ပုံမှန် ယောကျ်ားလေးတွေက ခပ်ချဉ်ချဉ် ရှိမှာပဲ။ အဲဒီအခါ အခုလို ယောကျ်ားလေး အချင်းချင်း လှောင်ပြောင်တာမျိုး လုပ်ချင်လုပ်ကြမှာပဲ။ အခု ကိစ္စမှာ ကျွန်မက ယောကျ်ားလျာလည်း မဟုတ်၊ ဝတ်ပုံ စားပုံကလည်း ရိုးရိုးစင်းစင်း။ ကျွန်မ အသက်အရွယ်ကလည်း လေးဆယ်နား ကပ်နေပြီ။ ဘာများ စနောက်စရာ တွေ့သွားပါလိမ့်။ အဲဒါကို ကျွန်မ စဉ်းစားလေ နားလည်ရ ခက်လေပဲ။ တခုပဲရှိတယ် – ကျွန်မက အရပ်တော်တော်ပုတယ်။ အဲဒါဟာ သူတို့အတွက် စ နောက်စရာ အကြောင်း ဖြစ်သွားလေသလား။

ကောင်းပြီ ကျွန်မကိုယ် ကျွန်မ ပြန်မေးကြည့်တယ်။ ဒီကိစ္စကို ဘာဖြစ်လို့ ဒီလောက် အလေးအနက်စဉ်းစား အာရုံစိုက်နေရတာလဲ။ ယောကျ်ားလေးတွေ အုပ်စုက ကိုယ့်ကို စ နောက်ရင် ဒီလို အာရုံစိုက်မိမလား။ လုံးဝစဉ်းစား အာရုံစိုက်မိမှာ မဟုတ်ဘူး။ သြော် ဒါဟာ ယောကျ်ားကလေး စရိုက်ပဲ။ မထူးဆန်းဘူး။ သမားရိုးကျ ဖြစ်စဉ်တခုပဲ။ အဲလို သဘောထားပစ်လိုက်မှာ။ ဒါမှမဟုတ် သဘောထားဖို့ထိအောင် အသိစိတ်ထဲ ဝင်မလာဘဲ ဖြစ်သွားမှာ အမှန်ပဲ။ ဒါဆိုရင် ကျွန်မ အခု ဘာဖြစ်လို့ အလေးအနက် အာရုံစိုက် နေရတာလဲ။

အဖြေကို ကျွန်မ ရသွားတာကတော့ 'အခု စ နောက်လိုက်တာ မိန်းကလေးတွေ ဖြစ်နေလို့' ဆိုတာပါပဲ။ ဒါဆိုရင် ကျွန်မဟာ နေရာတော်တော်များများမှာ မိန်းကလေးတွေကို ယောကျ်ားလေးတွေနဲ့ တန်းတူ အခွင့်အရေး တူစေချင်ပါလျက်နဲ့ ဒီကိစ္စမှာကျတော့ ကိုယ်တိုင်ပဲ မိန်းမ ယောကျ်ား ခွဲခြားမိနေပြီပေါ့။ အစဉ်အဆက်က ဖြစ်တည်ခဲ့တဲ့ 'ယောကျ်ားလေးတွေသာ သူတပါး ကြွေပျက်လောက်အောင် စနောက်လေ့ရှိကြတယ်' ဆိုတဲ့ ထုံးတမ်း အစဉ်အလာတခုကို မစွန့်ပယ်နိုင်သူ ဖြစ်နေပြီပေါ့။ 'ဘာဖြစ်လဲ၊ မိန်းကလေးတွေလည်း အဲဒီလို စ နောက်ဖို့ အခွင့်အရေးရှိတယ်' ဒီစကားမျိုးနဲ့ မိန်းကလေး တယောက်ယောက်က ကျွန်မကို ဆင်ခြေပေးလာခဲ့ရင် ကျွန်မ ဘာပြန်ပြောရပါမလဲ။

Feminist လို့ သူများက စွပ်စွဲတာကို မငြင်းပယ်ခဲ့တဲ့ ကျွန်မ။ အခု ကျွန်မ ဘယ်လို ဖြေမလဲ၊ ဘာလုပ်မလဲ။

အဲဒီ ပြဿနာဟာ တညနဲ့လည်း ခေါင်းထဲက ထွက်မသွားဘူး၊ တလနဲ့လည်း ခေါင်းထဲက ထွက်မသွားဘူး။ ကျွန်မကို လပေါင်းများစွာ ဦးနှောက်ခြောက်စေ၊ စိတ်မကောင်း ဖြစ်စေခဲ့တဲ့ အဖြစ်အပျက်လေး တခုပါ။

အမျိုးသမီး စတီရီယိုအဆိုတော်တွေ ယောကျ်ားတွေနဲ့ ယှဉ်ပြိုင်ကြိုးစားရင်း အရည်အချင်းတူအဖြစ် နာမည်ကြီး ထူးချွန်လာတာ၊ အမျိုးသမီးရေးတဲ့ ဝတ္ထုတိုကလေးတွေ အမျိုးသား စာရေးဆရာတွေနဲ့ အရည်အချင်းတူအဖြစ် တခါတခါ ရှားရှားပါးပါး ထွက်ပေါ်လာတာ –၊ အဲဒါတွေကို ကြည့်ပြီး တိတ်တခိုး ကျေနပ်နှစ်သိမ့်နေခဲ့မိတဲ့ ကျွန်မ။ အခုကိစ္စမှာ ဘယ်လိုမှ မနှစ်သိမ့် မကျေနပ်နိုင်ခဲ့တာ ကျွန်မရဲ့ အားနည်းချက်ပဲလား။

ကျွန်မဟာ ထူးချွန်ထက်မြက်တဲ့ နေရာတွေမှာပဲ ယောကျ်ားတွေကို အရည်အချင်းမီချင်ပြီးတော့၊ ဆိုးရွားတယ်လို့ ကျွန်မ သတ်မှတ်ထားတဲ့ ကိစ္စတွေမှာတော့ ယောကျ်ားတွေရဲ့ အရည်အချင်းအတိုင်း မမီချင်ဘူးပေါ့။ အဲဒီလိုပဲ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ဝေဖန်လိုက်ရပါတယ်။

အဲဒီအချိန်က စပြီး ကျွန်မတို့ မိန်းမတွေကြောင်း ကျွန်မပိုပြီး အာရုံစိုက်လာမိတယ် ဆိုပါတော့။ ကျွန်မတို့ မိန်းမတွေ . . . ကိုယ့်အကြောင်း ကိုယ်အချင်ချင်း တိုးတိုးတိတ်တိတ် ဆွေးနွေးဝေဖန်ရင်း အဖြေရှာကြည့်စရာတွေ အများကြီး ရှိသေးတယ်။ ကျွန်မတို့ ကိုယ့်ကိုယ်ကိုယ် အားမနာတမ်း ဝေဖန်ဆန်းစစ်ကြည့်ဖို့တော့ လိုလိမ့်မယ်။

ကျွန်မတို့ မိန်းမတွေ ယောကျ်ားတွေနဲ့ တန်းတူအခွင့်အရေး မရဘူး။ နေရာတော်တော်များများ အထင်သေးခံရတယ်။ တခါတခါ အနှိမ်ခံရတယ်။ ချုပ်ချယ်မှု ခံရတယ်။ ဟုတ်ပြီ၊ အဲဒါတော့ မှန်သင့်သလောက် မှန်တယ်။ ကျွန်မတို့ မိန်းမတွေဘက်ကရော ယောကျ်ားတွေနဲ့ တန်းတူအခွင့်အရေးယူဖို့ ဘယ်လောက်များ အရည်အချင်း ပြည့်စုံကြလို့လဲ။ ကျွန်တို့ အများစုဟာ တော်ရဲ့လား၊ ဉာဏ်ရည် ထက်မြက်ရဲ့လား၊ အစွမ်းအစ ရှိရလား၊ ရဲ့ရင် သတ္တိနဲ့ ပြည့်စုံရဲ့လား။ စီးပွားရေးလောက၊ ပညာရေးလောက၊ လူမှုရေးလောက၊ နိုင်ငံရေး လောကတွေမှာ ကျွန်မတို့ရဲ့ အဆင့်အတန်း ဘယ်လောက်ရှိနေပါသလဲ။

တချို့ကိစ္စတွေမှာ အခွင့်အရေး ကွာခြားမှုအပေါ်မှာ မူတည်ပြီးတော့ အရည်အချင်း ကွာသွားရတာတွေ ရှိပါတယ်။ ဥပမာ – ဉာဏ်ရည်ထက်မြက်မှု ဆိုပါတော့။ မိန်းမတွေဟာ ဉာဏ်နဲ့ပါတ်သက်တဲ့ စဉ်းစားဆင်ခြင်မှု၊ တွေးခေါ်မှုဘက်ကို အာရုံစိုက်ခွင့်မရဘဲ အိမ်ထောင်မှုကိစ္စ ကွက်ကွက်လေးထဲမှာ မနားရအောင် မွန်းကြပ် ပိတ်လှောင်နေခဲ့ရတဲ့ ကာလတွေ သိပ်ကြာလွန်းတဲ့အခါ ဦးနှောင်ဖွံ့ဖြိုးမှုခြင်း သိပ်မကွာလှပေမယ့် ဉာဏ်ရည်ကျတော့ ယောကျ်ားတွေထက် အဆင့်နိမ့်သလို ဖြစ်နေခဲ့ပါတယ်။ သချ်ာဉာဏ်၊ တိုင်းဆ ဆင်ခြင် တွက်ချက်ရတဲ့ဉာဏ်။ အဲဒီအရာမျိုးမှာ ကျွန်မတို့ဟာ ယေဘုယျအားဖြင့် အားနည်းကြပါတယ်။

ဒါနဲ့ စကားစပ်မိလို့ ကျွန်မ ဖတ်ဖူးတဲ့ ကာတွန်းကလေး တပုဒ်ကို သတိရမိတယ်။ အော်ပီကျယ်ရဲ့ ကာတွန်းလို့ ထင်ပါတယ်။ ကျွန်မ သိပ်သဘောကျတဲ့ ကာတွန်းဆရာတွေထဲမှာ အော်ပီကျယ် ပါတာပေါ့။ ကာတွန်းထဲမှာ လင်မယား နှစ်ယောက်လို့ ထင်တယ်။ ကားတစီးနဲ့။ ယောကျ်ားက ကားမောင်းလို့၊ မိန်းမက ဘေးမှာ ထိုင်လိုက်လာတယ်။

ကားက ဘရိတ် လုံးဝ မမိတော့ဘူး။ ယောကျ်ားက အထိတ်တလန့် ဖြစ်နေတယ်။ ဘရိတ် မမိတော့ဘူး၊ ဘယ့်နှယ်လုပ်ကြမလဲ ပေါ့။ မိန်းမက ပြန်ပြောတယ်။ လွယ်ပါတယ် မောင်ရယ်၊ တန်ဖိုး အနည်းဆုံးတခုခုကို ရွေးပြီး ဝင်တိုက်ပစ်လိုက်ပေါ့ တဲ့။ ကာတွန်းရဲ့ ခေါင်းစဉ်က ကျွန်မ မှတ်မိသလောက်တော့ 'မိန်းမဉာဏ်' တဲ့။

ကောင်းပြီ၊ ကျွန်မတို့ မိန်းမတွေ ဘယ်နေရာမှာ ညံ့နေသလဲ၊ အားနည်းနေသလဲ ကြည့်ကြရအောင်။

ခွန်အား၊ ခွန်အားအရာမှာ ကျွန်မတို့ အားနည်းပါတယ်။ ကျွန်မတို့ရဲ့ ကိုယ်ခန္ဓာ တည်ဆောက်ပုံက နွဲ့နှောင်းတယ်၊ ပျော့ပြောင်းတယ်။ သာမန် မိန်းမတယောက်နဲ့ သာမန် ယောကျ်ားတယောက် အားချင်း ယှဉ်ကြမယ်ဆိုရင် မိန်းမက ရှုံးတာပဲ။ ယောကျ်ားတယောက်လို ကိုယ်ခန္ဓာ တောင့်တင်းအောင် ခွန်အားကို စနစ်တကျ တည်ဆောက်ထားတဲ့ မိန်းမတယောက်နဲ့ အားကစား လေ့ကျင့်နေကျ ယောကျ်ားတယောက် ယှဉ်လိုက်ရင်လည်း မိန်းမက ရှုံးမှာပဲ။ ဒီတော့ ဘာမှ စဉ်းစားမနေနဲ့၊ ခွန်အားချင်းကတော့ ဘယ်လိုမှ မယှဉ်သာဘူး။ ဒီခေတ်ဟာ ဟိုးရှေးခေတ်ကာလတွေလို ကိုယ်ကာယ ခွန်အားနဲ့ အရာရာ အဆုံးအဖြတ်ပေးတဲ့ ခေတ်မှ မဟုတ်တော့တာ။ ဉာဏ်ရည်၊ တီထွင်မှု၊ သိပ္ပံပညာ၊ နည်းပညာတွေနဲ့ တိုးတက်နေတဲ့ ခေတ်ကြီးပါ။ နောက်ပြီး ခွန်အားကြီးတဲ့သူကို ခွန်အားနည်းတဲ့သူက မရှုံးစေရအောင် ပရိယာယ်ဆိုတဲ့ ရှောင်တိမ်းမှု၊ လှည့်ပတ်မှု အတတ်ပညာ ရှိပါတယ်။

ကျွန်မတို့ မိန်းမတွေကို ရှေးတုန်းကတည်းက ပညာရှိတွေက စွပ်စွဲခဲ့ရတဲ့ စကားပုံတွေ ရှိတယ်မဟုတ်လား။ မိန်းမတွေကို မြစ်နဲ့ ခိုင်းနှိုင်းတာတို့၊ မိန်းမမာယာ သဲကိုးဖြာတို့၊ စဉ်းစားကြည့်ပါ။ ကျွန်မတို့ဟာ ရန်လိုတတ်တဲ့ သူစိမ်းပြင်ပြင် လောကကြီးထဲကို ခုခံကာကွယ်စရာ ဘာလက်နက်မှ မပါဘဲ ရောက်လာကြတယ်။ ကျွန်မတို့ဟာ ဒီမာယာဆိုတဲ့ လှည့်စားတမ်းရှောင်ခြင်း အတတ်တွေနဲ့ အန္တရာယ်ကနေ ရှောင်ရ၊ တိမ်းရတာ။ ဒီမာယာနဲ့ပဲ ရန်သူကို ပြန်လည်ချေမှုန်းရတာ။ မိန်းမတွေရဲ့ မာယာဟာ လိုအပ်လို့ သုံးရတဲ့ ပညာပါ။ ဒီအတွက် ကျွန်မတို့ ကိုယ့်ကိုယ်ကိုယ် ရှက်စရာ မလိုဘူး။ အားငယ်စရာ၊ ဂုဏ်ငယ်စရာ မလိုဘူး။

တခုတော့ ရှိတာပေါ့။ မာယာကို အသုံးချတဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့က အဓိက ဖြစ်ရမှာပေါ့။ သူတပါးကို ထိခိုက်နစ်နာအောင် လှည့်စား ဟန်ဆောင်တာမျိုးကိုတော့ ရှောင်ကြရမယ်။

ကျွန်မတို့ မိန်းမတွေရဲ့ အားနည်းချက်၊ ချို့ယွင်းချက်တွေထဲမှာ သူတပါးရဲ့ ဂရုစိုက်မှုကို အလွန်အမင်း လိုချင်တာ ဟာလည်း တော်တော်ဆိုးပါတယ်။ မိန်းမ တော်တော်များများမှာ ယောကျ်ားတွေရဲ့ ဂရုစိုက်မှုကို လိုချင်တဲ့ အားနည်းချက်ရှိတယ်။ ဒီယောကျ်ားကို ကိုယ်လိုချင်တာလည်း မဟုတ်ဘဲနဲ့၊ တန်ဖိုးထားတာလည်း မဟုတ်ဘဲနဲ့၊ ဒီယောကျ်ားက ကိုယ့်ကို စွဲလမ်းတမ်းတ နေတာကို အင်မတန် ဂုဏ်ယူချင်တတ်တဲ့ အမျိုး။ ဥပမာ – ကိုယ့်ကို ရည်းစားစာပေးရင် အဲဒီ ရည်းစားစာကို သူငယ်ချင်းတွေနဲ့ ဝိုင်းဖတ်ပြီး ဟားတတ်တဲ့ အကျင့် ကျွန်မတို့မှာ ရှိတယ်။ အဲဒါ ဘယ်က လာတာလဲ။ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူချင်၊ အမွှန်းတင်ချင်တဲ့ စိတ်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး သာယာတဲ့ စိတ်က လာတာပါ။ အဲဒီ စိတ်ကို Narcissus လို့ ခေါ်ပါတယ်။ တော်ရုံတန်ရုံ ရွက်ကြမ်းရေချို ရုပ်ရည်ရှိတဲ့ သူတွေကတော့ ကိုယ့်ကိုယ်ကိုယ် သိလိုထားပါတော့။ လှတပတ မိန်းမတွေ မှန်ကြည့်ရင် ကိုယ့်ကိုယ်ကိုယ် ချစ်စိတ်ကလေးတွေ မသိမသာ ချီးကျူးဂုဏ်ယူ စိတ်ကလေးတွေနဲ့ ကြည့်လို့မဝနိုင်အောင် ဖြစ်ကြတာပဲ။ ကြုံဖူးကြမှာပါ။ အဲဒီ ကိုယ့်ကိုယ်ကိုယ် ချစ်စိတ်ကို နားဆစ်ဆပ်စ်လို့ ခေါ်တာပါပဲ။ ဒီ စကားလုံးဟာ နာဆစ်ဆပ်စ်လို့ခေါ်တဲ့ လူတယောက်ကို အစွဲပြုပြီး သတ်မှတ်ထားတဲ့ စကားလုံးပါ။ နာဆစ်ဆပ်စ်ဟာ ရေထဲမှာ မြင်နေရတဲ့ ကိုယ့်အရိပ်ကို ပြန်ပြီး ကြည့်လို့မဝအောင် နှစ်သက်စွဲလမ်း နေခဲ့တယ်လို့ ဆိုပါတယ်။

ဒါကတော့ ကိုယ့်ကိုယ်ကိုယ် ထင်ပေါ်ချင်တဲ့သူတွေ၊ အတ္တကြီးတဲ့ သူတွေဆီမှာ တွေ့ရတတ်တဲ့ စိတ်ထားကလေး တခုပေါ့။ အနည်းနဲ့ အများတော့ လူဟာ အများက ဂရုစိုက်စေချင်တာ ချည်းပါပဲ။ ဒါကြောင့်လည်း သူတပါး ကိုယ့်ကို ဂရုစိုက်အောင် လုပ်တယ်ဆိုတဲ့ နေရာမှာ ကိုယ့်တန်ဖိုးထားမှုကို လိုက်ပြီး နည်းအမျိုးမျိုး ပြောင်းသွားပါတယ်။ ကိုယ်ကာယ အရေးပြားပေါ်မှာ တန်ဖိုးထားတယ်။ တချို့က ဉာဏ်ရည်ဦးနှောက်ပေါ်မှာ တန်ဖိုးထားတယ်။

လှယဉ်ကျေးမယ်တို့ ဘာတို့ ကိုယ်ခန္ဓာ အလှအပပေါ်မှာ တန်ဖိုးထားတဲ့ သူတွေထဲကပဲ ဝင်ပြိုင်ကြတာပါပဲ။ ကိုယ်ခန္ဓာ အလှအပအပေါ် တန်ဖိုးထားတိုင်းလည်း လှယဉ်ကျေးမယ်အဖြစ် ဝင်အရွေးခံကြတာတော့ မဟုတ်ပါဘူး။ အမယ် လှယဉ်ကျေးမယ် ပြိုင်ပွဲဝင်တဲ့အခါမှာ သာမန် လမ်းလျှောက်ပြရုံနဲ့ ပြီးတာမဟုတ်ဘူး။ ကိုယ်ခန္ဓာမှာရှိတဲ့ ကောက်ကြောင်းတွေ၊ အထူးသဖြင့် ရင်နဲ့ တင်ပေါ့လေ။ ညှစ်ထုတ်ပြရ၊ လိမ်ကောက်ပြရ၊ ပေါ်လွင်အောင်လို့ ဖြစ်မှာပေါ့နော်။

သူတို့ဆီက မစ်စ် အမေရိကတို့၊ မစ်ယူနီမာ့စ်တို့ ပြိုင်ပွဲဝင်တဲ့ ဗီဒီယိုတိပ်ခွေတွေ ကျွန်မ ကြည့်ဖူးတယ်။ မယ်ဖြစ်ဖို့ ကိုယ်ခန္ဓာ တခုတည်း ပြရုံနဲ့မရဘူး။ စကားအရာမှာ လိမ်မာရမယ်၊ ဗဟုသုတ ရှိရမယ်၊ သွက်လက်ရမယ်၊ ဖြတ်ထိုးဉာဏ် ရှိရမယ်၊ ခပ်တုံးတုံးအအနဲ့ မယ် ဖြစ်လိမ့်မယ်မထင်နဲ့။ ဘာပဲဖြစ်ဖြစ်လေ၊ မယ်ဆိုတာ အဓိကတော့ ကိုယ့် ရုပ်ဝတ္ထု အရည်အချင်းပေါ်မှာ တန်ဖိုးထားတဲ့ သူတတွေရဲ့ အလုပ်။ မယ်ဖြစ်ပြီးတော့ ထင်ပေါ်ကျော်ကြားမယ်၊ မယ်ကနေပြီး ရုပ်ရှင်မင်းသမီး ဖြစ်မယ်၊ သူတို့ ရည်ရွယ်ချက်က အဲဒီအထိ ရှိမှာပဲ။ ဟိုရှေးရှေးတုန်းကလည်း မယ်တွေ ရုပ်ရှင်မင်းသမီး ဖြစ်ခဲ့တာမဟုတ်လား။ ဖျာပုံမယ် တင်တင်အေး၊ အင်မတန်လှတဲ့ မင်းသမီးပဲ။ ပြည်ထောင်စုမယ် ခင်သန်းနု၊ အခုအရွယ်ရောက်တဲ့အထိ ကိုယ်ခန္ဓာ လှပပြေပြစ်တုန်း။ သူတို့ခေတ်က ဘောင်းဘီတို့နဲ့ ဝင်ပြိုင်ကြရလို့လား မသိဘူး၊ ခင်သန်းနုရဲ့ မယ်ပြိုင်ပွဲဝင် ဓာတ်ပုံတွေ ကျွန်မ ကြည့်ဖူးသလောက်ဖြင့် ကိုယ်ခန္ဓာ လိမ်ကောက် ညှစ်ထုတ်ပြတာ မတွေ့ရပါဘူး။ ခြေစုံရပ်၊ ရင်ကလေးချီ၊ ခပ်ကြွကြွကလေး ဟန်ပြတာတော့ တွေ့ရပါတယ်။ အင်းလေ . . . ကိုယ်မှာ ရှိတာတွေ ညှစ်ထုတ်လိမ်ကောက် လမ်းလျှောက်ပြရမယ်ဆိုတဲ့ Method မျိုး မပေါ်သေးလို့ ဖြစ်မှာပေါ့။

ဒါထက်ဆိုးတာကျတော့ အဝတ်အစား လျှပ်ပေါ်လော်လည်ခြင်းအားဖြင့် သူတပါး ဂရုစိုက်လာအောင် လုပ်ပြတဲ့ အမျိုးအစား။ လောကမှာ လူ့ယဉ်ကျေးမှုအရ ဖုံးထားမှ သင့်တော်မှာမို့ ဖုံးကွယ်အပ်တဲ့ အရာတွေရှိတယ် မဟုတ်လား။ အဲဒီအရာတွေကို လူမြင်အောင်ပြပြီဆိုရင်တော့ ဒါဟာ အင်မတန်ကို ထင်ပေါ်ချင်လွန်းတဲ့

အမျိုးအစားအဖြစ် သတ်မှတ်ခံရပါတယ်။ ဒီခေတ် မိန်းမဣန္ဒြေနဲ့တော့ ဘယ်တူနိုင်မလဲ။ ဒီခေတ်မှာ ပြောင်းလဲလာတဲ့ ဘဝရပ်တည်မှု၊ ရုန်းကန်မှုတွေအရ ထိုက်သင့်တဲ့၊ လွတ်လပ်တဲ့ အဝတ်အစားကိုတော့ ဝတ်ရမှာပါ။ ထဘီ ခပ်တိုတို ဝတ်ချင်သလား ရတယ်။ စကတ်ဝတ်ချင်သလား ရတယ်။ ဘောင်းဘီဝတ်ချင်သလား ခပ်ပွပွ ဝတ်နိုင်သေးတယ်။ ချက်နည်းနည်းပေါ်ပြီး ဝတ်ချင်သလား၊ အဲ နည်းနည်းစဉ်းစား။ အရွယ်ငယ်ငယ်လေးဆိုရင် လှလှပပ သင့်တော်ပါသေးတယ်။ ဟိုပစ္စည်းပြ၊ ဒီပစ္စည်းပြ ဆိုရင်တော့ ယောကျ်ားတွေက တပ်မက်ပြီပေါ့။ လူကိုယ်တိုင် ပြစ်မှားလို့ရရင် အခုချက်ချင်း ပြစ်မှားပစ်ချင်စိတ်နဲ့ အငမ်းမရ ကြည့်ကြမှာပေါ့။ အဲဒါဟာ ယောကျ်ားတွေရဲ့ အပြစ်လား။ ကျွန်မတို့ မိန်းမတွေရဲ့ အပြစ်လား။ သူတို့ စောဒက တက်စရာပဲ မဟုတ်လား။ ကျွန်မ ယောကျ်ားတွေရဲ့ မျက်လုံးမျိုးနဲ့ ခဏခဏ ကြည့်မြင်ခံစားဖူးပါတယ်။ တော်တော် ရင်ခုန်စရာ ကောင်းတာပဲ။ ဟောလိဝုဒ်က ရုပ်ရှင်မင်းသား ရစ်ချတ်ဂီယာရဲ့ ဇနီးဟောင်း စင်ဒီကရောဖို့ဒ်ဆိုရင် ကျွန်မ အလွန်ရင်ခုန်ရတဲ့ မင်းသမီး ကိုယ်ဟန်ပြမယ်ပါ။

ထားပါတော့လေ။ ဒါက ကိုယ်ခန္ဓာ အရည်အချင်းကို တန်ဖိုးထားသူတွေရဲ့ နည်းပညာပေါ့။ ဟော ကျွန်မတို့လို ရုပ်ပိုင်းဆိုင်ရာ အရည်အချင်း လုံးဝ မရှိတဲ့သူတွေကျတော့ရော။ ထင်ပေါ်ကျော်ကြားမှုကို မလိုချင်ဘူးတဲ့လား။ ဘယ်နေလိမ့်မလဲ၊ လိုချင်တာပဲပေါ့။

ရုပ်ရည်ချို့တဲ့တဲ့ မိန်းကလေးတွေ မိဘက ချမ်းသာရင် ရွှေငွေပစ္စည်း အလှအပနဲ့ ဂုဏ်ယူကြတယ်။ အဲဒီ လက်ဝတ်ရတနာနဲ့ အဝတ်အဆင်ကိုက သူ တန်ဖိုးထားတဲ့ အရည်အချင်းကိုး။ ကျွန်မဆိုရင် ရုပ်ရည် အရည်အချင်းကလည်း မရှိ၊ မိဘကလည်း ပိုက်ဆံမချမ်းသာ။ ဒီအခါမှာ ကျွန်မ ဘာဖြစ်လာသလဲ။ ပညာအရည်အချင်းကို တန်ဖိုးထားပြီး လူတွေရဲ့ ဂရုစိုက်မှုကို ရခဲ့သူ ဖြစ်လာပါတယ်။ ပညထူးချွန်ရခြင်းရဲ့ အရသာကို ကျွန်မ နှစ်သက်သွားတယ်။ ဒီအခါမှာ ကျွန်မရဲ့ ဘဝတန်ဖိုးဟာ ထူးချွန် ထက်မြက်ခြင်းရယ်လို့ ဖြစ်လာပါတယ်။ စာရေးဆရာ ဖြစ်လာပြန်တော့ အနုပညာဆိုင်ရာ ပညာရှာဖွေမှုအတွက် တန်ဖိုးထားတဲ့သူ ဖြစ်လာပြန်တာပေါ့။ ဒါကြောင့်လည်း စာအုပ်တွေ၊ ပန်းချီကားတွေ၊ တိပ်ခွေတွေ၊ ဓာတ်ပြားတွေ ဝယ်ယူစုဆောင်း ခံစားဖို့

စိတ်အားထက်သန်ခဲ့ပေမယ့် ဖိနပ်ကျတော့ တထောင်ထက် ဈေးများရင် ဝယ်ဖို့ နှမြောတွန့်တိုမိနေရော။ ဒါကြောင့်လည်း ဗိုလ်ချုပ်ဈေးကို တခါတလေ တိပ်ခွေတွေ ဓာတ်ပြားတွေ အရှာသွားတဲ့အခါ မျက်စိလည်လမ်းမှားပြီး အဝတ်အစား အလှအပပစ္စည်းတွေ ဆိုင်ဘက်ရောက်သွားရင် ကျွန်မမှာ ရင်သပ်ရှုမော ဖြစ်မိတယ်။ ဆန်းလိုက် လှလိုက်တဲ့ ပစ္စည်းတွေ၊ အမျိုးမျိုးပဲ။ ဈေးနှုန်းတွေ ဖတ်ကြည့်ရင်၊ မေးကြည့်ရင် မျက်လုံးပြူးရပါတယ်။

အံမယ် – ကိုယ်ကသာ ဝယ်ဖို့ စိတ်မကူးနိုင်တာ၊ ဝယ်လိုက်တဲ့ မိန်းကလေးတွေ မနည်းပါဘူး၊ ကြိတ်ကြိတ်တိုးနေတာပဲ။ ထောင်နဲ့ သောင်းနဲ့ ချီပြီး တန်ဖိုးကြီးတဲ့ ပစ္စည်းတွေကို သူတို့ဝတ်နေတာဖြင့် နည်းနည်းမှတောင် တွေဝေစဉ်းစားတာမျိုး မရှိဘူး။ လွယ်လိုက်တာ။ အသက်ကလေးတွေ ကြည့်တော့ – ဘာရှိဦးမလဲ၊ ၁၆ နှစ်နဲ့ နှစ်ဆယ်ကြား၊ နှစ်ဆယ်ထက်ကျော်ရင် သုံး လေးနှစ်ပေါ့။ သူတို့လေးတွေ ဝတ်စားလာကြပုံကလည်း လှမှလှ၊ ဆန်းမှဆန်း။ ငယ်ငယ်ရွယ်ရွယ်နဲ့ပ ငွေကို အုပ်လိုက်ကိုင်သုံးနေတာ မြင်တော့ ကျွန်မဖြင့် တော်တော်စဉ်းစားရ ခက်ပါရဲ့။ သူတို့ ဘာအလုပ်တွေ လုပ်လို့ ဘာဝင်ငွေတွေ ဘယ်လောက် ရနေကြလို့ပါလိမ့် – ။ ဒီအရွယ်တွေနဲ့ ဒီလောက် ဝင်ငွေတွေရနေတာ တိုးတက် မြင့်မားလာတဲ့ အခ်ပ္ပါယ်လား။ ကျွန်မ ဆရာဝန်ဖြစ်တော့ အသက် ၂၅ နှစ်ကျော်၊ ၂၆ နှစ်။ တနေ့တနေ့ ဆေးခန်းဝင်ငွေဟာ စားစရိတ်တောင် အနိုင်နိုင်ပဲ။

အခုကျတော့ ဒီကလေးမတွေရဲ့ ဝင်ငွေဟာ တော်တော်ကြီးကို ကောင်းနေတဲ့ သဘောပေါ့နော်။ မိဘတွေကလည်း ချမ်းသာပုံ ရပါရဲ့။ မုဒိတာ ပွားချင်ပေမယ့် အလှအပကို အရေးပေးလွန်းတာ မြင်ရတော့ တော်တော်တုန်လှုပ်မိပါတယ်။